# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 16, 2024 Volume 82, Number 11


၁၆.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၅.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၃၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၈.၂၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၂၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## အိန္ဒိယနိုင်ငံဈေးကွက်၌ ပဲစင်းငုံဈေးနှုန်းများ မြင့်တက်လာနိုင်



အိန္ဒိယပြည်တွင်းဈေးကွက်တွင် မကြာသေးမီကာလ၌ ပဲစင်းငုံဈေးနှုန်းများ အတန်အသင့်လျော့ကျခဲ့သော်လည်း ပြည်ပမှတင်သွင်းနိုင်မှုလျော့နည်းနိုင်ခြင်း၊ လာမည့် ပွဲတော်ရာသီကာလ၌ ဝယ်လိုအား မြင့်တက်လာခြင်းတို့က ပဲစင်းငုံဈေးနှုန်းကို မြင့်တက်လာစေနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သတင်းကို အိန္ဒိယသတင်း ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသည်။

လာမည့် ပွဲတော်ရာသီတွင် ဝယ်လိုအားကြောင့် ဈေးနှုန်းများ အမြင့်ဘက်သို့ ဦးတည်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကို ဖြည့်ဆည်းပေးရန်အတွက် ပဲစင်းငုံ ပမာဏအမြောက်အမြားကို တင်သွင်းနိုင်သည့် နိုင်ငံမရှိကြောင်းကို အိန္ဒိယနိုင်ငံ စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။

အိန္ဒိယ၏ ပြည်တွင်းပဲစင်းငုံ ထုတ်လုပ်နိုင်သည့် ပမာဏထက် ပြည်တွင်းစားသုံးမှုက ပိုမိုများပြားနေခြင်းကြောင့် ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်သည်။ အိန္ဒိယအစိုးရ၏ တတိယအကြိမ် သီးနှံအထွက် ခန့်မှန်းချက်အရ ၂၀၂၃- ၂၀၂၄ စိုက်ပျိုးရေးနှစ် ဇွန်၊ ဇူလိုင်အတွင်း စုစုပေါင်းတန်ချိန် ၃ ဒသမ ၄ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး တစ်နိုင်ငံလုံး ပျမ်းမျှစားသုံးမှုသည် တန်ချိန် ၄ ဒသမ ၅ သန်း ရှိမည်ဟု ခန့်မှန်းထားသည်။

အဆိုပါ စုစုပေါင်းစားသုံးမှု ပမာဏအနက် စက်တင်ဘာလမှ နိုဝင်ဘာလအထိ သုံးလကာလအတွင်း ပွဲတော်ရာသီတွင် ဝယ်လိုအားအတွက် ပဲစင်းငုံတန်ချိန် ၉၀၀,၀၀၀ခန့် လိုအပ်မည်ဟု ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံသည် စက်တင်ဘာလမှ နိုဝင်ဘာလအထိ ပဲစင်းငုံစားသုံးမှု အမြင့်မားဆုံးကာလဖြစ်ပြီး ပျမ်းမျှအားဖြင့် တန်ချိန် ၉ သိန်းနှင့် ၁၂ သိန်းကြား သုံးစွဲလေ့ရှိသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ပဲစင်းငုံဈေးများသည် ယခင်နှစ် ဖွန်လမှစတင်၍ အမြင့်ဈေးဖြင့် ရောင်းဝယ်လျက်ရှိခဲ့ရာ အိန္ဒိယစားသုံးသူရေးရာ ဦးစီးဌာန၏ အချက်အလက်များအရ ပဲစင်းငုံခွဲခြမ်း လက်လီဈေးနှုန်းသည် စက်တင်ဘာ ၁ ရက်တွင် ၁ ကီလိုဂရမ်လျှင် ၁၆၃ ဒသမ ၈၁ ရူပီးနှုန်းရှိခဲ့ပြီး ယခင်နှစ်ထက် ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အိန္ဒိယ၌ ပဲစင်းငုံဈေးနှုန်း ကျဆင်းမှုကာလမှာ ကာလတိုသာဖြစ်ပြီး မြန်မာနိုင်ငံ၏ ငွေတန်ဖိုးကျဆင်းမှုအရ မြန်မာနိုင်ငံမှ ဈေးနှုန်းသက်သာစွာဖြင့် တင်သွင်းနိုင်ခြင်းကြောင့် ပဲဈေးနှုန်းများ လျော့နည်းသက်သာခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံ၌ ပဲစင်းငုံလက်ကျန် ကုန်တော့မည်ဖြစ်ရာ အခြားနိုင်ငံများမှ ဝယ်ယူရန် ရှာဖွေလျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် မြန်မာနိုင်ငံအပါအဝင် မိုဇမ်ဘစ်၊ မာလာဝီ၊ ဆူဒန်၊ တန်ဇန်နီးယားနိုင်ငံတို့မှ အဓိကတင်သွင်းလျက်ရှိပြီး အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးသော မိုးသီးနှံ၌ ပဲစင်းငုံစိုက်ဧက တိုးချဲ့စိုက်ပျိုးထားသော်လည်း အဓိကစိုက်ပျိုးသော ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် လာမည့်ရိတ်သိမ်းရာသီတွင် အထွက်နှုန်းလျော့ကျနိုင်မည့် အခြေအနေများရှိနေသည်။

ထို့ကြောင့် လာမည့် ပဲပေါ်ရာသီတွင် အိန္ဒိယ၏ ပဲစင်းငုံဈေးနှုန်းများသည် အခြေခံရည်ညွှန်းဈေး ၁၀၀ ကီလိုဂရမ်တွင် ၇၅၅၀ ရူပီး၏အထက်တွင် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရွှေသွယ်ရင်ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရွှေသွယ်ရင်ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြ၍ သိရသည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရွှေသွယ်ရင် ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ရွှေသွယ်ရင် ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသွယ်ရင် ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒီဘက်က ဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိဒေသထွက် နွေစပါးအဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန် ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးက အတက်အကျမရှိ ပုံမှန်အခြေအနေမှာ ရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိဩဂုတ်လထဲမှာ မော်လမြိုင်ကျွန်းမြို့နယ်က ဆန်တွေကိုမှာယူထားပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင်ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ကျပ် ၁၀၅,၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်အရောင်း အဝယ်လုပ်ငန်းရှင်၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ လုပ်ငန်း အဆင်ပြေလည်ပတ်လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## တစ်ပြည်လုံးအနှံ့ မိုးရွာသွန်းနေမှုများကြောင့် ပဲ၊ နှမ်းဈေးကွက် ဈေးကျဆင်းမှုမရှိသော်လည်း အရောင်းအဝယ်အေးလျက်ရှိ

တစ်ပြည်လုံးအနှံ့ မိုးရွာသွန်းနေမှုများကြောင့် ပဲ၊ နှမ်းဈေးကွက် ဈေးကျဆင်းမှုမရှိသော်လည်း အရောင်းအဝယ်အေးလျက် ရှိကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်တွင်းငွေဈေးပြောင်းလဲမှုကို စောင့်ကြည့်ဝယ်ယူမှုများကြောင့် မန္တလေးကုန်စည်ဒိုင်တွင် မွန်းလွဲပိုင်းနောက်ပိုင်းမှသာ အရောင်းအဝယ်ဈေးပြတ်နေသလို မြေပဲနှင့်နှမ်းမျိုးစုံကသာ အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်။

စက်တင်ဘာ ဒုတိယသီတင်းပတ်တွင် တစ်ပြည်လုံးမိုးရွာသွန်းမှုများကြောင့် မန္တလေးဈေးကွက်အတွင်း ပဲအသစ်များ ဝင်ရောက်မှုနည်းကာ လက်ကျန်ပဲများလည်း နည်းလာသောကြောင့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်အေးနေကြောင်း၊ ပြည်တွင်းငွေဈေး မတည်ငြိမ်ခြင်းကြောင့် ပဲ၊ နှမ်းဈေးကွက်မှာ စောင့်ကြည့်စောင့်ဝယ်ဖြင့် အနည်းငယ်သာ အရောင်းအဝယ် ဖြစ်နေကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"မိုးရွာသွန်းမှုများ ရက်ဆက်ရွာသွန်းနေတော့ ပဲ၊ နှမ်းဈေးကွက်အတွင်း ပစ္စည်းဝင်ရောက်မှုနည်းသလို ပြည်တွင်း ငွေဈေး မတည်ငြိမ်တော့ စောင့်ကြည့်ရောင်းဝယ်နေလို့ ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေပါတယ်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုနဲ့ပဲမာလိုင်းများ ဈေးမငြိမ်ဖြစ်နေပါတယ်။ ဒီရက်ပိုင်း ကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဈေးပြတ်တာ နောက်ကျမှသာ အရောင်းအဝယ်ဖြစ်နေတာမျိုးပါ။ မိုးရွာတာပြတ်သွားမှသာ ပဲ၊ နှမ်းဈေးကွက်အရောင်းအဝယ် ပြန်သွက် လာနိုင်ပါတယ်။ ဈေးကွက်ထဲမှာ ပဲလက်ကျန်တွေ အရမ်းနည်းသွား တော့ ပို့ကုန်ပဲတွေလည်း ဈေးသာရှိနေတာ အရောင်းအဝယ် နည်းပါတယ်။ မြေပဲဆန်နဲ့ နှမ်းမျိုးစုံကတော့ အရောင်းအဝယ်သွက်ပါတယ်"ဟု ၎င်းကပြောသည်။

စက်တင်ဘာ ၁၂ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ကျပ် ၃၇၀,၀၀၀(ဟောင်း)၊ မတ်ပဲ (ရေသွင်းသစ်)ကျပ် ၃၄၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ကျပ် ၄၅၅,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ကျပ် ၂၅၀,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပို့ကုန်တင်ပို့မှု အဝယ်အေးသွားသောကြောင့် ဈေးနှုန်းအနည်းငယ် ဆက်လက်ကျဆင်း သွားရာ ကုလားပဲ V2 တစ်အိတ်လျှင် ကျပ် ၂၉၅,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ကျပ် ၃၃၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ကျပ် ၂၇၂,၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ကျပ် ၂၈၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

မိုးမြေပဲများမှာ မိုးရွာသွန်းမှုများကြောင့် အရည်အသွေးအနည်းငယ်ကျဆင်းသောကြောင့် ဈေးအနည်းငယ် ကျဆင်း လာရာ စက်တင်ဘာ ၁၂ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ကျပ် ၃၀၀,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ကျပ် ၄၃၀,၀၀၀၊ ပဲပုပ်(ရှမ်း) တစ်အိတ်လျှင် ကျပ် ၃၉၅,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ကျပ် ၃၆၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၄၀၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၉၀၀၀-၉၃၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၈,၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းဈေးကွက်တွင် အက်စစ်ပါဝင်မှု အရည်အသွေးအပေါ်မူတည်ရာ စက်တင်ဘာ ၁၂ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး အနည်းငယ်ကျဆင်းလာရာ နှမ်းနက် (စမုန်) တစ်အိတ်လျှင် ကျပ် ၅၂၀,၀၀၀၊ (အက်စစ်လွတ်) ၆၁၀,၀၀၀၊ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၄၂၀,၀၀၀၊ နှမ်းဖြူရိုးရိုး တစ်အိတ်လျှင် ကျပ် ၃၈၀,၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ကျပ် ၃၁၀,၀၀၀၊ ပန်းနှမ်း တစ်အိတ်လျှင် ကျပ် ၂၇၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## တစ်ပတ်စာ ဈေးကွက်သုံးသပ်ချက် (၉.၉.၂၀၂၄ မှ ၁၃.၉.၂၀၂၄)

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ တစ်တန်ကို ၅၂ သိန်းကျော်ထိ စံချိန်တင် မြင့်တက်ခဲ့ရာမှာ ဒီတစ်ပတ်မှာတော့ သိန်း ၅၀ အောက် ဈေးပြန်ကျဆင်းသွားပါတယ်။ ဈေးကွက်အတွင်း ပဲလက်ကျန်မရှိတာ FOB ဈေးနှုန်းကျဆင်းသွားတာ၊ လက်ရှိ ပေါက်ဈေး အခြေအနေကို စောင့်ကြည့်ရောင်းဝယ်တာတွေကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်အေး ဈေးကျဆင်းသွားတာ ဖြစ်တယ်လို့ ကုန်သည်အချို့ကဆိုပါတယ်။

အိန္ဒိယနိုင်ငံတွင်းမှာတော့ ပဲစင်းငုံနီ စားသုံးမှုမြင့်မားတာ၊ ပြည်ပတင်သွင်းမှု မလုံလောက်တာ၊ ပွဲတော်ကာလအတွင်း ဝယ်ယူမှုများပြားတာတွေကြောင့် လာမဲ့ကာလအတွင်း ပဲစင်းငုံနီက ဈေးကဆက်ပြီးမြင့်တက်နိုင်ဦးမယ်လို့ အိန္ဒိယ

ပဲကုန်သည်တွေနဲ့ ဈေးကွက်စောင့်ကြည့်ရေးအဖွဲ့တွေက ခန့်မှန်းထားကြပါတယ်။ ပဲဝယ်ယူမှုအများဆုံးဖြစ်သည့် ယခုကာလသည် ပဲတန်ချိန် ၉ သိန်းခန့် လိုအပ်လျက်ရှိနေပြီး ပြည်ပတင်သွင်းမှုကတော့ လျော့ကျနေတယ်လို့ သိရပါတယ်။ မြန်မာပြည်တွင်းကလည်း လက်ရှိ ပဲကုန်ချိန်ဖြစ်နေတဲ့အတွက် တင်သွင်းမှုအနည်းငယ်သာရှိတော့တယ်လို့ အိန္ဒိယ ပဲသတင်းတွေမှာ ဖော်ပြထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပြီးခဲ့တဲ့အပတ်သောကြာနေ့က ပဲစင်းငုံနီတစ်တန်ကို ကျပ် ၅,၀၀၅,၀၀၀ ကျပ်၊ တနင်္လာနေ့မှာတော့ တစ်တန်ကို ၄,၉၀၀,၀၀၀ ကျပ်၊ အင်္ဂါနေ့မှာတော့ တစ်တန်ကို ၄,၈၉၅,၀၀၀ ကျပ်၊ ဗုဒ္ဓဟူးနေ့မှာတော့ တစ်တန်ကို ၄,၈၄၅,၀၀၀ ကျပ်၊ ကြာသပတေးနေ့မှာတော့ တစ်တန်ကို ၄,၇၅၀,၀၀၀ ကျပ်ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ် သောကြာနေ့နဲ့ယှဉ်ရင် တစ်တန်ကို ၃ သိန်းကျပ် ဈေးကျဆင်းသွားပါတယ်။

ပြည်တွင်း FOB ဈေးနှုန်းကတော့ တစ်တန်ကို ၁၁၂၀ မှ ၁၁၃၀ ဒေါ်လာရှိပြီး တစ်တန်ကို ဒေါ်လာ ၂၀ ဈေးကျဆင်းသွားပါတယ်။ ငွေကြေးလဲလှယ်ဈေးနှုန်း ပြန်ကျဆင်းသွားတဲ့အတွက် ပဲဈေးလည်း ပြန်ကျဆင်းသွားသလို အရောင်းအဝယ်မရှိတဲ့အတွက် ဈေးအေးသွားတာလို့လည်း ကုန်သည်တွေက ဆိုပါတယ်။

**ပဲတီစိမ်း**

ရန်ကုန်ဈေးကွက်မှာတော့ ပဲတီစိမ်းကတော့ ပြီးခဲ့တဲ့အပတ်က ဈေးအတိုင်း ဈေးငြိမ်ပါတယ်။ နယ် ဈေးကွက်တွေမှာတော့ နေ့စဉ် ပဲအဝင်အပေါ်မူတည်ပြီး အတက်အကျအနည်းငယ်သာရှိပါတယ်။ အဆက်မပြတ်မိုးရွာသွန်းမှုနဲ့အတူ ရေကြီးမှုတွေကြောင့် အရောင်းအဝယ်အေးဈေးအေးနေတဲ့ အခြေအနေလို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ ပဲတီစိမ်း(ခရမ်းရွှေဝါ)၊ (ပဲခူးရွှေဝါ)၊ ဝါးခယ်မ၊ အညာတို့က တစ်ပိဿာကို ၄၃၃၀ ကနေ ၅၆၀၀ ကြားပေါက်ဈေးရှိနေပြီး ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း(အညာ) အသစ်က သုံးတင်းဝင်တစ်အိတ်ကို ၁၈၅,၀၀၀ မှ ၂၅၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၁၅၀၀၀လောက် ဈေးကျဆင်းပါတယ်။ နယ်ဈေးကွက်တွေမှာတော့ ပဲတီစိမ်း တစ်တင်းကို ၄၀,၀၀၀ မှ ၆၂,၀၀၀ ကြားရှိနေပြီး ဈေးငြိမ်ပါတယ်။

**ပဲထောပတ်**

ဆက်တိုက်ဈေးငြိမ်နေခဲ့တဲ့ ထောပတ်ပဲက ဒီတစ်ပတ်မှာ အနည်းငယ်ဈေးပြန်မြင့်တက်လာပါတယ်။ ဒေသတွင်း ဝယ်ယူမှုများလာတဲ့အတွက် ဈေးမြင့်တက်လာတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ထောပတ်ပဲက တစ်ပိဿာကို ၆၃၁၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၅ ကျပ်ဈေး တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲထောပတ်အကြီးက တစ်အိတ်ကို ၄၀၀,၀၀၀ မှ ၄၂၀,၀၀၀ ရှိပြီး တစ်အိတ်ကို ၂၀,၀၀၀ ကျပ် ဈေးတက်လာပါတယ်။ ထောပတ်ပဲ အလတ်ကတော့ တစ်အိတ်ကို ၃၈၀,၀၀၀ မှ ၃၉၀,၀၀၀ ကျပ်၊ ပဲထောပတ် အသေးကတော့ တစ်အိတ်ကို ၃၁၀,၀၀၀ မှ ၃၇၀,၀၀၀ ရှိပြီး တစ်အိတ်ကို ၂၀,၀၀၀ ကျပ် အသီးသီး ဈေးတက်ပါတယ်။

**မြေပဲ**

ဈေးကျဆင်းသွားတဲ့ မြေပဲက ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်ပြန်တက်လာပါတယ်။ အကျဈေးနဲ့ ဝယ်ယူမှု များပြားလာတဲ့အတွက် ဈေးက ပြန်မြင့်တက်လာတာဖြစ်ပါတယ်။

မန္တလေးဈေးကွက်မှာ မြေပဲအနီလုံးဆန်က တစ်ပိဿာကို ၈၆၀၀ မှ ၈၇၀၀ ရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ် ဈေးပြန်တက်ပါတယ်။

အောင်လံဈေးကွက်မှာလည်း မြေပဲလုံးဆန်ဖြူက တစ်ပိဿာကို ၈၄၀၀ မှ ၈၅၀၀ ရှိပြီး တစ်ပိဿာကို ၄၀၀ ကျပ်၊ မြေပဲလုံးဆန်နီက တစ်ပိဿာကို ၈၂၀၀ ရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ်ဈေးပြန်တက်ပါတယ်။ အခြားဒေသတွေမှာလည်း တစ်ပိဿာကို ၂၀၀ မှ ၅၀၀ ကြား ဈေးပြန်မြင့်တက်လာပါတယ်။

**ကြက်သွန်ဖြူ**


ဆက်တိုက်စျေးကျဆင်းနေတဲ့ ကြက်သွန်ဖြူစျေးက ဒီတစ်ပတ်မှာလည်း အကျစျေးနဲ့ရှိနေပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ ရေကြီးနစ်မြုပ်နေတာတွေကြောင့် စျေးကွက်ထဲ အဝင်နည်းပြီး အတက်အကျကတော့ တည်ငြိမ်မှု မရှိပါဘူး။ နေ့စဉ်စျေးကွက်ထဲကို ပိဿာချိန် ဖ၀၀၀ လောက်သာ အဝင်ရှိပြီး အဝင်ကလည်း ထက်ဝက် နီးပါးလျော့ကျသွားပါတယ်။

ရန်ကုန်စျေးကွက်မှာ ကြက်သွန်ဖြူ(ကြူကုတ်)က တစ်ပိဿာကို ၁၆,၅၀၀ မှ ၁၇,၀၀၀ ပေါက်စျေးရှိပြီး တစ်ပိဿာကို ၁၃၀၀ ကျပ် စျေးကျဆင်းသွားပါတယ်။ ကြက်သွန်ဖြူ(ရှမ်း)ကတော့ တစ်ပိဿာကို ၉၅၀၀ မှ ၁၁၅၀၀ ပေါက်စျေးရှိပြီး တစ်ပိဿာကို ၁၀၀၀ ကျပ် စျေးကျဆင်းပါတယ်။

**Source: AMIA**

https://htwettoe.com/download

## ကုန်သွယ်မှုလမ်းကြောင်းအထက်သို့ ရောက်ရှိခဲ့သော ကုန်စည်ကုန်သွယ်ရေးညွှန်းကိန်းက ကမ္ဘာ့ကုန်သွယ်မှုပမာဏ တိုးမြှင့်ခဲ့ကြောင်းပြသခဲ့




ငွေကြေးဖောင်းပွမှုနှင့် အတိုးနှုန်းမြင့်မားမှုတို့ကြောင့် ၂၀၂၃ ခုနှစ်က ရပ်တန့်နေသော ကမ္ဘာ့ကုန်စည် ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ တတိယသုံးလပတ်တွင် ပြန်လည်ကောင်းမွန်နေပြီဖြစ်ကြောင်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်စည် ကုန်သွယ်ရေးညွှန်းကိန်း (WTO Goods Trade Barometer) က ဖော်ပြခဲ့သည်။ သို့သော် ပထဝီ နိုင်ငံရေးတင်းမာမှုများ၊ ဒေသတွင်းပြဿနာများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ငွေကြေးမူဝါဒ ပြောင်းလဲမှုများနှင့် ပို့ကုန်အမှာစာ နည်းပါးနေမှုများက အနာဂတ်ကို ခန့်မှန်းရန် ဆက်လက်ခက်ခဲလျက်ရှိသည်။ (ကုန်စည်ကုန်သွယ်ရေးညွှန်းကိန်း- Goods Trade Barometer ဆိုသည်မှာ ကမ္ဘာ့ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ ကုန်စည်ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက် တိုးတက်ဖြစ်ပေါ်မှုများကို အချိန်နှင့်တပြေးညီ ပေါင်းစုဖော်ပြထားသော ဦးဆောင်ညွှန်းကိန်းတစ်မျိုးဖြစ်သည်။ ၁၀၀ အထက်ညွှန်းကိန်း တန်ဖိုးက ကမ္ဘာ့ကုန်သွယ်မှု ပမာဏသည် အတက်ဘက်သို့ ရောက်နေကြောင်းဖော်ပြပြီး ၁၀၀ အောက် ညွှန်းကိန်းတန်ဖိုးက ကမ္ဘာ့ကုန်သွယ်မှုကျဆင်းခြင်း (သို့မဟုတ်) မကြာမီကျဆင်းမည်ဟု ဖော်ပြခြင်းဖြစ်သည်။)

လက်ရှိကုန်စည်ကုန်သွယ်မှုညွှန်းကိန်း ၁၀၃ ဒသမ ၀ သည် ပြီးခဲ့သည့် ၃ လတစ်ကြိမ် ကုန်သွယ်မှုပမာဏ ညွှန်းကိန်းများထက် ပိုမိုမြင့်မားနေပြီး အခြေခံတန်ဖိုး ၁၀၀ ထက်လည်း မြင့်မားခဲ့ရာ ၂၀၂၄ခုနှစ်၊ ဒုတိယ ၃ လပတ်နှင့် တတိယ ၃ လပတ်များတွင် ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် တည်ငြိမ်စွာ တိုးတက်ခဲ့ကြောင်း ပြသခဲ့သည်။

၂၀၂၂ ခုနှစ်၊ စတုတ္ထ ၃ လပတ်တွင် ရပ်တန့်နေသော ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်၊ စတုတ္ထ ၃ လပတ်မှစ၍ ၂၀၂၄ ခုနှစ်၊ ပထမ ၃ လပတ်အထိ အရှိန်ပြန်ရလာကာ ရရှိသော ပြီးခဲ့သည့်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၀ ရာခိုင်နှုန်းနှင့် နှစ်အလိုက်နှိုင်းယှဉ်ပါက ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

၃ လပတ် ကာလများကို နှိုင်းယှဉ်ပါက ပျမ်းမျှအားဖြင့် ၂၀၂၄ ခုနှစ်၊ စတုတ္ထ ၃ လပတ်သည် တတိယ ၃ လပတ်ထက် ၀ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး နှစ်အလိုက်တွက်ချက်ပါက ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အဆိုပါ တိုးတက်မှုနှုန်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပြီးခဲ့သည့် ဧပြီလ ခန့်မှန်းချက် တိုးတက်မှုနှုန်း ၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် လွန်စွာနီးကပ်ခဲ့သည်။ ကုန်သွယ်မှုတန်ဖိုးအရကြည့်ပါက ဥရောပ၏ ကုန်သွယ်မှုတိုးတက်မှုသည် မျှော်လင့်သလိုမဖြစ်လာဘဲ အခြားဒေသများ၏ ကုန်သွယ်မှုတန်ဖိုးများက မြင့်တက်လာကြောင်း အချက်အလက်များအရသိရသည်။ ထို့ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ လာမည့်အောက်တိုဘာလတွင် ထုတ်ပြန်ပေးမည့် ကုန်သွယ်မှုအချက်အလက်များတွင် ဒေသတွင်းခန့်မှန်းချက်များကို ပြန်လည်ချိန်ညှိရန် လိုအပ်မည်ဖြစ်သည်။

ကုန်စည်ကုန်သွယ်မှုညွှန်းကိန်းတွင် ပါဝင်သော အစိတ်အပိုင်းများ၏ ညွှန်းကိန်းများအားလုံးသည် ကုန်သွယ်မှုလမ်းကြောင်း အထက်တွင်ရှိနေပြီး ခြင်းချက်အားဖြင့် လျှပ်စစ်ပစ္စည်းများ ကုန်သွယ်မှုညွှန်းကိန်းသည် ၉၅ ဒသမ ၆ ဖြင့် ကုန်သွယ်မှု လမ်းကြောင်းအောက် ရောက်ရှိနေကာ ဆက်လက်ကျဆင်းရန် အလားအလာရှိနေသည်။ မော်တော်ကားအစိတ်အပိုင်း ထုတ်လုပ်မှုညွှန်းကိန်းသည် "၁၀၃ ဒသမ ၃"၊ ကွန်တိန်နာများဖြင့် သယ်ယူပို့ဆောင်ခြင်းညွှန်းကိန်းသည် "၁၀၄ ဒသမ ၃"၊ လေကြောင်းကုန်စည်ပို့ဆောင်မှု ညွှန်းကိန်းသည် "၁၀၇ ဒသမ ၁" ဖြင့် ကုန်သွယ်မှုလမ်းကြောင်း အထက်တွင်ရှိနေသည်။

ကုန်စည်ကုန်သွယ်မှုညွှန်းကိန်း၏ အဓိက အစိတ်အပိုင်းဖြစ်သော ပို့ကုန်အမှာစာညွှန်းကိန်းသည် ၁၀၁ ဒသမ ၂ ဖြင့် စံနှုန်းအတွင်း ကပ်လျက်ရောက်ရှိနေသော်လည်း မကြာမီ ဆက်လက်ကျဆင်းသွားနိုင်ကြောင်း၊ ကုန်ကြမ်းညွှန်းကိန်း ၉၉ ဒသမ ၃ သည် ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင်ရှိသော်လည်း ပြီးခဲ့သည့် ၃ လအတွင်း တစ်ရှိန်ထိုးကျဆင်းခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က သုံးသပ်ထားသည်။

**Source :**[www.wto.org](http://www.wto.org)

https://www.commerce.gov.mm/

## အရန်ဆန်ကို တန်ချိန် ၂ သန်းအထိ တိုးမြှင့်သိုလှောင်ရန် အင်ဒိုနီးရှားစီစဉ်



အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသားစားနပ်ရိက္ခာအေဂျင်စီ (Bapanas) သည် ၂၀၂၄ ခုနှစ်အကုန်တွင် အစိုးရ၏ အရန်ရိက္ခာဆန်ကို တန်ချိန် ၂ သန်းအထိ တိုးမြှင့်ရန် ရည်ရွယ်ထားပြီး နိုဝင်ဘာလတွင် ဒေသတွင်း ရွေးကောက်ပွဲများမတိုင်မီ ဆန်ဝယ်လိုအား မြင့်တက်လာနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ယခုနှစ်ကုန်နှင့် ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဆန်စပါးထုတ်လုပ်မှု ကျဆင်းမည်ဟု ခန့်မှန်းထားသောကြောင့် အရန်ဆန်သိုလှောင်မှုကို တိုးမြှင့်ရန်လိုအပ်ကြောင်း Bapanas ၏ အကြီးအကဲ Arief Prasetyo Adi က စက်တင်ဘာ ၄ ရက်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံကျင်းပသော အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့်ဇန်နဝါရီလများသည် အရေးကြီးသည့်လများဖြစ်သောကြောင့် နိုင်ငံပိုင်ထောက်ပံ့ ပို့ဆောင်ရေး အေဂျင်စီ Bulog သည် အရန်ဆန်များကို လက်ရှိကာလ တန်ချိန် ၁ ဒသမ ၃ သန်းမှ တိုးမြှင့်၍ တန်ချိန် ၂ သန်းထက် ပိုမိုထားရှိရမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၂ ရက်အထိ Bulog ၏ အရန်ဆန်လက်ကျန်စာရင်းမှာ တန်ချိန် ၁ ဒသမ ၃၉ သန်းရှိပြီး လက်ဝယ်သိုလှောင်မှု တန်ချိန် ၁ ဒသမ ၃၁ သန်းနှင့် ပြည်ပမှတင်သွင်းထားသည့် လမ်းခုလတ်လက်ကျန် ၈၄,၇၅၀ တန်ဖြစ်ကြောင်း၊ ယခုအချိန်သည် အရန်ဆန်စပါးများ တိုးမြှင့်ရန် အချိန်ကောင်းဖြစ်ကြောင်း Adi က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားစာရင်းအင်းဌာန၏ ၂၀၂၄ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လ ၂၂ ရက်ထိ ဧရိယာနမူနာမူဘောင် ကွက်ကောက် လေ့လာတွေ့ရှိချက်အရ စက်တင်ဘာလနှင့် အောက်တိုဘာလကာလများတွင် ဆန်ထုတ်လုပ်မှုသည် တန်ချိန်၂ ဒသမ ၈၇ သန်း နှင့် တန်ချိန် ၂ ဒသမ ၅၉ သန်း အသီးသီး တိုးမြှင့်လာနိုင်ကြောင်း သိရပါသည်။ ဆန်ထုတ်လုပ်မှု တန်ချိန် ၂ ဒသမ ၀၆ သန်းနှင့် တန်ချိန် ၂ ဒသမ ၀၅ သန်း အသီးသီး စံချိန်တင်ခဲ့သည့် ဇွန်လနှင့် ဇူလိုင်လတို့ နှိုင်းယှဉ်ပါက ကိန်းဂဏန်းများ တိုးလာသည်ကို ထင်ဟပ်စေသည်။ စာရင်းအင်းဌာန၏စစ်တမ်းအရ စက်တင်ဘာလနှင့်အောက်တိုဘာလအတွင်း ထုတ်လုပ်မှုသည် အလားတူ ကာလအတွက် တစ်နိုင်ငံလုံး ဆန်စားသုံးမှု တန်ချိန် ၂ ဒသမ ၅၈ သန်းကို ကျော်လွန်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ယခုနှစ်တွင် ဆန်တင်သွင်းမှုခွဲတမ်း တန်ချိန် ၃ ဒသမ ၆ သန်း ရရှိထားသည့် အေဂျင်စီသည် ဆန်တင်သွင်းမှု တန်ချိန် ၂ ဒသမ ၄ သန်း တင်သွင်းထားပြီးဖြစ်ကြောင်း Bulog ဥက္ကဋ္ဌ Bayu Krisnamurthi က အစောပိုင်းတွင် ပြောကြားခဲ့သည်။ ကျန်ခွဲတမ်းတန်ချိန် ၁ ဒသမ ၂ သန်းကို ဒီဇင်ဘာလမတိုင်မီ တင်သွင်းနိုင်မည်ဟု ခန့်မှန်းထားပြီး ပြည်ပမှ တင်သွင်းလာသော ဆန်များကို ဆန်စပါးထောက်ပံ့ရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး (SPHP) အစီအစဉ် အပါအဝင် အစိုးရအရန်ဆန်အဖြစ် အသုံးပြု

သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: Antara News, 4 Sept 2024**

**(လယ်ယာထွက်ကုန်များ နှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့် လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## ဖိလစ်ပိုင်နိုင်ငံသည် ပြောင်းနှင့် ဂျုံတင်သွင်းမှု တိုးမြှင့်နိုင်ကြောင်း ခန့်မှန်းရ

ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၄ ခုနှစ်အတွင်း ပြောင်းတင်သွင်းမှုပမာဏအား ခန့်မှန်းထားသည်ထက်ညှိနှိုင်းပြီး တိုးမြှင့်ခန့်မှန်းခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန United States Department of Agriculture (USDA)မှ ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် အယ်နီညိုသက်ရောက်ခဲ့မှုနှင့် ဆက်လက်၍ armyworms ကျရောက်ခဲ့ခြင်းတို့ကြောင့် ၂၀၂၄ ခုနှစ်အတွင်း ပြောင်းတန်ချိန် ၁ ဒသမ ၁ သန်း တင်သွင်းနိုင်ကြောင်း ခန့်မှန်းထားခဲ့ရာမှတန်ချိန် ၁ ဒသမ ၃ သန်းခန့်ထိ တင်သွင်းနိုင်ကြောင်း တိုးမြှင့်ခန့်မှန်းခဲ့သည်။ တရုတ်၊ အိန္ဒိယ၊ မက္ကဆီကို၊ ဖိလစ်ပိုင်၊ ဆော်ဒီအာရေဗျ၊ တူရကီနှင့် ဗီနီဇွဲလားတို့မှ ပြောင်းတင်သွင်းမှု မြင့်တက်လာသဖြင့် ကမ္ဘာ့ပြောင်း တင်သွင်းမှုသည်လည်း မြင့်တက်လာပါကြောင်း USDA ၏အစီရင်ခံတွင် ဖော်ပြပါရှိသည်။

ထို့ပြင်ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင်လည်း ပြောင်းလက်ကျန်ပမာဏလျော့နည်းနိုင်သဖြင့် ပြောင်းတင်သွင်းမှု မက်ထရစ်တန် ၁ ဒသမ ၃၅ သန်းထိ တိုးမြှင့်တင်သွင်းနိုင်ပါကြောင်း၊ သို့ရာတွင် ကမ္ဘာ့ပြောင်းတင်သွင်းမှုမှာမူ ကျဆင်းနိုင်ပြီး ကနေဒါ၊ တရုတ်၊ အီရန်နိုင်ငံတို့မှ တင်သွင်းမှုကျဆင်းနိုင်၍ဖြစ်သည်။ အီးယူ၊ အိန္ဒိယ၊ မက္ကဆီကို၊ ဖိလစ်ပိုင်တို့မှာမူ ပြောင်းတင်သွင်းမှု တိုးမြှင့်နိုင်ကြောင်း ဖော်ပြပါရှိသည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်နိုင်ငံသည် ဂျုံစက်ရုံများ၏ ဝယ်လိုအားမြင့်တက်လာခြင်းနှင့် အရည်အသွေးကောင်းမွန်သည့် ဂျုံများလိုအပ်ချက်များလာခြင်းတို့ကြောင့် ၂၀၂၅ ခုနှစ်အတွင်း ဂျုံတင်သွင်းမှုသည် မက်ထရစ်တန်ချိန် ၇ သန်းခန့်ထိ မြင့်တက်နိုင်ကြောင်း၊ ကမ္ဘာ့ဂျုံတင်သွင်းမှုသည်လည်း အလားတူမြင့်တက်လာနိုင်ပြီး အီးယူ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့မှ တင်သွင်းမှု မြင့်တက်လာနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၄-၂၀၂၅ခုနှစ် သီးနှံရာသီအတွင်း armyworms များ ကျရောက်ခဲ့ခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည်ကျဆင်းနိုင်ပြီး ပြည်တွင်းရှိ ပြောင်းတောင်သူများနှင့် ပြောင်းထုတ်လုပ်သူများအနေဖြင့် စိုက်ပျိုးမြေများ လျော့နည်းလာခြင်းနှင့် ဆက်လက်၍ armyworms များ ကျရောက်နေခြင်းတို့ကြောင့်ဖြစ်ပါကြောင်း မနီလာမြို့အခြေစိုက် USDA ဌာနခွဲမှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

USDA-Foreign Agricultural Service Manila မှ ပြီးခဲ့သည့်နှစ်က ဖိလစ်ပိုင်နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၈ ဒသမ ၄ သန်းမှ ၈ ဒသမ ၂ သန်းထိ ၂ ဒသမ ၃၈ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်သည်ဟု ခန့်မှန်းခဲ့ပြီး အဓိကပြောင်းစိုက်ပျိုးသည့် Caraga Region တွင်းရှိ စိုက်ပျိုးမြေများသို့ armyworms များ ကျရောက် ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် မက်ထရစ်တန်ချိန် ၁ ဒသမ ၁၇၄ သန်းရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလက ၁ ဒသမ ၄၇၃ သန်း ထွက်ရှိခဲ့သဖြင့် နှိုင်းယှဉ်မည်ဆိုပါက ၂၀ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်း အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ ရာသီဥတုဆိုးရွားဖောက်ပြန်ခြင်းကြောင့်ဖြစ်ကြောင်း ဖိလစ်ပိုင်ပြောင်းအသင်းဥက္ကဋ္ဌမှ ပြောကြားခဲ့သည်။ ဖိလစ်ပိုင် စာရင်းအင်းအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့်ကိန်းဂဏန်း အချက်အလက်များအရ လာမည့်ဒုတိယ ၃ လပတ်တွင်လည်း ရာသီဥတုဆိုးရွားခြင်းကြောင့် ပြောင်းထွက်ရှိမှု ကျဆင်းနိုင်သည်ဟု ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ်ပြောင်းထုတ်လုပ်မှု ၈ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခြင်းကြောင့် ပီဆို ၂၂၀ ဒသမ ၀၄ ဘီလီယံ ဆုံးရှုံးလျက်ပါကြောင်းနှင့် အချို့သော ပြောင်းတောင်သူများသည် ဇူလိုင်လတွင် စတင်စိုက်ပျိုးကြမည်ဖြစ်သဖြင့် ၎င်းတို့ ရိတ်သိမ်းမည့်အချိန်အား စောင့်ကြည့်သွားရမည်ဖြစ်ပြီး ထိုမှသာ လာမည့်တတိယ ၃ လပတ်၏ ပကတိအခြေအနေမှန်အတိုင်း ထွက်ရှိမှုကို သိရှိရမည်ဖြစ်ကြောင်း ဖော်ပြပါသည်။

ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်၊ ပထမ ၃ လပတ်နှင့်ဒုတိယ ၃ လပတ် (ဇန်နဝါရီလမှ ဇွန်လအထိ) ဖိလစ်ပိုင်နိုင်ငံ၏ ပြောင်းတင်သွင်းမှု စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၂,၁၇၁,၅၄၄ ရှိပြီး မြန်မာနိုင်ငံမှ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၉၈,၂၇၆,၈၃၅ ဖြင့် ပြောင်းတင်သွင်းမှု စုစုပေါင်း၏ ၄၆ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ ကျန်ရှိနေသည့် နိုင်ငံများမှာ အာဂျင်တီးနားမှ ၂၂ ဒသမ ၁ ရာခိုင်နှုန်း ၊ ဗီယက်နမ်မှ ၁၇ ဒသမ ၂ ရာခိုင်နှုန်း ၊ အမေရိကန်နိုင်ငံမှ ၉ ဒသမ ၀ ရာခိုင်နှုန်း၊ ပါကစ္စတန်နိုင်ငံမှ ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ထိုင်း၊ ဘရာဇီးလ်တို့မှလည်း အနည်းငယ်စီ တင်သွင်းခဲ့ကြောင်း လေ့လာသိရှိရသည်။

**Source:** https://businessmirror.com.ph/2024/09/16/phl-seen-buying-more-imported -corn-wheat/

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (16.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 66,622 (Shares) | 126,664,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 49 | 436,100 | 33,109,694 | 294,676 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,450 | 3,500 | 3,450 | 537 | 1,852,900 | 38,929,150 | 134,306 |
| MCB | 00003 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 0 | 0 | 10,400,986 | 93,609 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 174 | 315,100 | 29,664,613 | 54,880 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,800 | 2,800 | 2,700 | 1,221 | 3,366,650 | 12,823,224 | 34,623 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 1,047 | 1,782,300 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | -100 | -2.17% | 4,500 | 4,500 | 4,500 | 334 | 1,503,000 | 10,497,598 | 47,239 |
| MAEX | 00008 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 236 | 814,200 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 16th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.64 | +0.33 | +0.08% | 411.56 | 413.01 | 411.45 | 3,598 | 10,070,250 | 8 | 776,420 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
| --- | --- |
| - - (Shares) | - - (MMK) |

## Main Board

As of 1:00 pm, 16th Sep. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 66,622 (Shares) | 126,664,650 (MMK) |

| MYANPIX | 411.64 ▲ 0.33 |
| --- | --- |
| Total Volume (shares) | 3,598 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 776,420 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,500 | ▼ 100 |
| MAEX | 00008 | 3,450 | ▲ 0 |

TIR